# ကျီးသိုက်ကျေးရွာ

# စလင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၂၀ – ၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျီးသိုက်ကျေးရွာ၊ စလင်းမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၀ ပြည့်နှစ်၊ မေ လ

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်းရေးသားခြင်း

စဉ် အကြောင်းအရာ

စကားချီး
ကျီးသိုက်ကျေးရွာသယံဇာတပြမြေပုံ၊ စလင်း မြို့နယ်
၁။ တည်နေရာနှင့် ပထနေအထား
၂။ ရာသီဉတုနှင့် သဘာဝအရင်းအမြစ်များ
၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်
၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က)သီးနှံစိုက်ပျိုးရေး

( ခ )မွေးမြူရေးလုပ်ငန်း

( ဂ)စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

(ဃ)ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ
(က) ကျေးလက်သယ်ယူပို့ဆောင်ရေး
(ခ ) ကျေးရွာမီးလင်းရေး
(ဂ ) သတင်းနှင့် ဆက်သွယ်ရေး
၆။ ပညာရေး
၇။ ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး
၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
၉။ ကျား–မရေးရာ ကိစ္စရပ်ဆိုင်ရာ
၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ
နောက်ဆက်တွဲ
နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း
နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ
နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား
နောက်ဆက်တွဲ(၄) ဦးစားပေးစီမံချက်အဆိုပြုလွှာ(၁)
နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက်အဆိုပြုလွှာ(၂)
နောက်ဆက်တွဲ(၆) ဦးစားပေးစီမံချက်အဆိုပြုလွှာ(၃)

## စကားချီး

ကျွန်ုပ်တို့ ကျီးသိုက်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃–၂၀၂၄ ဘဏ္ဍာရေးနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသောလူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့သော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ကျေးရွာသယံဇာတပြမြေပုံ၊ တည်နေရာနှင့်ပထဝီဝင်အနေအထား၊ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ၊ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်နှင့် စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေတို့ ပါဝင်ပါသည်။ အပိုင်း(ခ)သည် အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ၊ ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ဘေးအန္တရာယ်များနှင့် သဘာဝ

ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျား–မရေးရာကိစ္စရပ်များနှင့် ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက် လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကျီးသိုက်ကျေးရွာ
စလင်းမြို့နယ်

# ကျီးသိုက်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ စလင်းမြို့နယ်



## ၁။ တည်နေရာနှင့် ပထဝီအနေအထား

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ သမြင်ကင်းကျေးရွာအုပ်စု၊ ကျီးသိုက်ကျေးရွာသည် ပထဝီအနေအထားအရ ကျေးရွာ၏မြောက်ဘက်တွင် စလင်းချောင်း၊ ကျေးရွာ၏အရှေ့ဘက်တွင် သမြင်ကင်းကျေးရွာနှင့် အနောက်ဘက်တွင် ကျောင်းကုန်းကျေးရွာတို့၏အကြား၊ တောင်ဘက်တွင် သရက်ချဉ်ဆည်ရေသောက်မြောင်းမကြီးဘေးတွင် တည်ရှိပါသည်။

ကျီးသိုက်ကျေးရွာသည် မြေပြန့်အနေအထားတွင်တည်ရှိပြီး မင်းဘူး–စလင်း–ဆိပ်ဖြူ လမ်းမကြီးမှ မြေနီကျောက်စရစ်လမ်းဖြင့် ဆက်သွယ်ထားသောကြောင့် လမ်းပန်းဆက်သွယ်ရေး အသင့်အတင့်ကောင်းမွန်ပါသည်။ ကျီးသိုက်ကျေးရွာသည် စလင်းမြို့နှင့် (၄/၀)မိုင်၊ ဆင်ဖြူကျွန်းမြို့နှင့် (၃/၀)မိုင် ကွာဝေးပြီး သရက်ချဉ်ကျေးရွာဘုရား၏ မြောက်ဘက်လမ်းခွဲမှ (၁/၀)မိုင်အကွာအဝေး၌ တည်ရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျီးသိုက်ကျေးရွာ၏ ရာသီဥတုမှာ ပူပြင်းခြောက်သွေ့သောရာသီဥတုဖြစ်ပါသည်။ မိုးဥတုတွင် မိုးရွာသွန်းမှုအသင့်အတင့်ရရှိပြီး ဆောင်းရာသီတွင် အပူအအေးမျှတစွာရရှိပါသည်။ မိုးတွင်းကာလ မိုးရွာသွန်းမှုများသည့်အချိန်တွင် သွားလာမှုအခက်အခဲ အနည်းငယ်တွေ့ရှိရပါသည်။ သဘာဝအရင်းအမြစ်မှာကျေးရွာ၏မြောက်ဘက်တွင် စလင်းချောင်းတည်ရှိနေပြီး တောင်ဘက်တွင် သရက်ချဉ်မြောင်းမကြီး တည်ရှိပါသည်။ သရက်ချဉ်မြောင်းမကြီးမှာ တမံဆည်ရေသုံးမြောင်းဖြစ်ပြီး ရေပေးမှုမှာ ရံဖန်ရံခါမှလွဲ၍ အခက်အခဲမရှိလှပါ။ မိုးအားကောင်းသည့်နှစ်များတွင် စလင်းချောင်းရေကြီးသည့်အတွက် ချောင်းကျွန်းမြေ စိုက်ကွင်းစိုက်ခင်းများအပေါ် ရေလွှမ်းမိုးပျက်စီးဆုံးရှုံးနစ်နာမှုလဲ တစ်ခါတစ်ရံ ကြုံတွေ့ရပါသည်။ ကျီးသိုက်ကျေးရွာ၏ အဓိကအသက်မွေးဝမ်းကြောင်း လုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းဖြစ်သည်။ ကျီးသိုက်ကျေးရွာသည် စပါး၊ နှမ်း၊ ငရုတ်နှင့် ပဲမျိုးစုံ ထွက်ရှိရာဒေသဖြစ်ပါသည်။ သဘာဝပေါက်ပင်များမှာ ထန်း၊ မန်ကျည်း၊ ဇီး၊ တမာ၊ ရှား၊ ထနောင်း၊ ကုက္ကို စသည့်အပင်များ ပေါက်ရောက်သည်။ သစ်ပင်များကို ထိန်းသိမ်းမှု အားနည်းခြင်းကြောင့် သစ်ပင်များ လျော့နည်းလာပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်

ကျီးသိုက်ကျေးရွာအတွင်း ဖွံ့ဖြိုးရေးဆိုင်ရာ အဖွဲ့(၈)ဖွဲ့ ဖွဲ့စည်းထားပါသည်။ ကျေးရွာရှိ ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာဂေါပကအဖွဲ့၊ ကျေးရွာမိုးစပါးချေးငွေထုတ်လယ်သမားအဖွဲ့၊ ကျေးရွာအရံမီးသတ်အဖွဲ့၊ ကျေးရွာအမျိုးသားလူငယ်အဖွဲ့၊ အမျိုးသမီးလူငယ်

အဖွဲ့၊ ကျေးရွာသမဝါယမအသင်းအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များဖွဲ့စည်းထားပြီး ကျေးရွာစီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ လုံခြုံရေးကိစ္စများဆောင်ရွက်ရာတွင် အဖွဲ့အစည်းတစ်ခုနှင့်တစ်ခု ချိတ်ဆက်ပေါင်းစည်းပြီး စည်းလုံးညီညွတ်စွာဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာတွင် အဖွဲ့အစည်းများ ရေရှည်ရှင်သန်၍ အောင်မြင်ဖြစ်ထွန်းမှုရှိလာအောင် သင်တန်းများ၊ ဟောပြောပွဲများ ကျင်းပခြင်းဖြင့် စွမ်းဆောင်ရည် ပို၍မြင့်မားလာမည်ဖြစ်ပါသည်။ မိမိတို့ကျေးရွာသည် နိုင်ငံတော်အစိုးရလက်အောက်ရှိ ကျေးရွာနှင့် တိုက်ရိုက်သက်ဆိုင်သော ဦးစီးဌာနများဖြစ်သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စိုက်ဘဏ်၊ ကျန်းမာရေး၊ လဝကစသည့်ဌာနတို့ နှင့်ချိတ်ဆက်မှုရှိခြင်း တို့ကြောင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အကူအညီများကို ရရှိခဲ့ပါသည်။ ပြင်ပအဖွဲ့ အစည်းများအနေဖြင့် ပက်မြန်မာ အသေးစားငွေစု ငွေချေးလုပ်ငန်းမှာလည်း အသင့်အတင့်ကောင်းမွန်ပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။

ဤကော်မတီအဖွဲ့သည် ကျေးရွာဖွံ့ဖြိုးလုပ်ငန်းများအတွက် ပုံမှန်အစည်းအဝေးပြုလုပ်၍ အစီအစဉ်ရေးဆွဲခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်ကြီးကြပ်ခြင်းစသည်ဖြင့် ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာ ဦးစီးဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### (က)သီးနှံစိုက်ပျိုးရေး

အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး သရက်ချဉ်မြောင်းမကြီးမှရေဖြင့် နွေမိုးဆောင်းအလှည့်ကျ မိုးစပါး၊ ကုလားပဲ၊ နှမ်းသီးနှံများစိုက်ပျိုးပြီး ကျေးရွာ၏မြောက်ဘက်စလင်းချောင်းမြေနုကျွန်းမြေများတွင် ရာသီဥတုနှင့်လျော်ညီစွာ ပြောင်း၊ ခရမ်း၊ ခရမ်းချဉ်၊ ကြက်သွန်၊ ပဲကြီးစသည့် သီးနှံများစိုက်ပျိုးပြီး ရွာ၏ပတ်လည်တွင်လည်း ဥယျာဉ်ခြံမြေများရှိပါသည်။ မာလကာ၊ သရက်၊ အုန်း၊ ငှက်ပျောစသည့် နှစ်ရှည်စားသုံးပင်များကို စိုက်ပျိုးလုပ်ကိုင်ကြပါသည်။

### (ခ) မွေးမြူရေးလုပ်ငန်း

စိုက်ပျိုးရေးလုပ်ငန်းများအပြင် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ကြရာတွင် အဓိကအနေနှင့် မိရိုးဖလာဖြစ်သည့် လုပ်ငန်းသုံးခိုင်နွားများ၊ နွားသားပေါက် တိုးပွားရေးအတွက် နွားမများကို အဓိကထားမွေးမြူပြီး အချို့အိမ်ထောင်စုဝင်များအနေနှင့်လည်း စီးပွားရေးတစ်ဖက်တစ်လမ်း ဝင်ငွေတိုးပွားရေးအတွက် ဝက်မွေးစမများ၊ ဝက်သားပေါက်များနှင့် တစ်ပိုင်တစ်နိုင် ကြက်၊ဘဲမွေးမြူမှုများရှိပြီး ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် ဇွန်၊ ဇူလိုင်လများတွင် မိုးအားကောင်းမှု၊ ဥတုအနေအထားအရ နွားများ ခွာနာလျှာနာဝင်၍ နွားမွေးမြူမှုတွင်

အလွန်အခက်ကြုံတွေ့ရပြီး အချို့အိမ်ထောင်စုများတွင် နွားပေါက်ကလေးများ ဆုံးရှုံးနစ်နာမှုများကိုသတိထားဘွယ်ရာ ကြုံတင်ကာကွယ်မှုများ သက်ဆိုင်ရာဌာနများမှ အကူအညီပံ့ပိုးမှုများကို လိုအပ်လျှက်ရှိပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ**

ကျေးရွာ၏ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ အိမ်ဈေးဆိုင်များ၊ ခေါင်းရွက်သည်များ စသည့်လုပ်ငန်းများလုပ်ကိုင်ကြရပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားသောကြောင့် ဝင်ငွေအသင့်အတင့် ရရှိပါသည်။ မြို့ပြများတွင် အသက်မွေးဝမ်းကျောင်းသင်တန်း လုပ်ငန်းများရှိပါသည်။ အဆိုပါ သင်တန်းထူထောင်ရန် ငွေကြေးမတတ် နိုင်သောကြောင့် သင်တန်းများနှင့်ဝေးကွာကြရပါသည်။ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးပါသော ကျေးလက်ဦးစီးဌာနနှင့် ပြင်ပအဖွဲ့အစည်းများဖြစ်သော အဖွဲ့များ၏အကူအညီဖြင့် ဖွင့်လှစ်ပေးစေလိုပါသည်။

**(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်နှစ်အတိုးနှုန်း (၈၀)ပြားတိုးဖြင့် စိုက်ပျိုးစရိတ်ချေးငွေကို ချေးယူရရှိပါသည်။ ကျေးရွာတွင် သမဝါယမမှစိုက်ပျိုးရေးချေးငွေရရှိသော်လည်း အတိုးနှုန်း(၂%)ကျပ်နှုန်းဖြင့် အချိန်ကာလ(၆)လသာ ချေးယူရရှိပါသည်။

**၅။ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက်သယ်ယူပို့ဆောင်ရေး**

ကျေးရွာအဝင်လမ်းသည် မြေနီကျောက်စရစ်လမ်းဖြစ်ပြီး ကုန်စည်နှင့်ဝန်ဆောင်မှု ဈေးကွက်လက်လှမ်းမီမှုမှာ သရက်ချဉ်ကျေးရွာလမ်းမကြီးသို့(၁/၀)မိုင်၊ ထိုမှတစ်ဆင့် စလင်းမြို့သို့(၄/၀)မိုင်ခန့်၊ ဆင်ဖြူကျွန်းမြို့သို့ (၃/၀)မိုင်ကွာဝေးပြီး သယ်ယူပို့ဆောင်ရေးမှာ ကုန်းလမ်း ဖြစ်သောကြောင့် ထော်လာဂျီ သုံးဘီးဆိုင်ကယ်များဖြင့် သွားလာရောင်းချရာတွင် လွယ်ကူမှုရှိပါသည်။ သွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးအတွက် စက်ဘီး(၁၀)စီး၊ ဆိုင်ကယ်(၄၅)စီး၊ သုံးဘီးဆိုင်ကယ်(၁)စီး၊ ကား(၁)စီး၊ မြင်းလှည်း(၄)စီး ရှိပါသည်။

**(ခ)ကျေးရွာ မီးလင်းရေး**

ကျွန်တော်တို့ ကျေးရွာသည် လျှပ်စစ်မီး ရရှိသော ကျေးရွာဖြစ်သည့်အတွက် လျှပ်စစ်မီးနှင့်အသုံးပြုကြပါသည်။

## (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာလူထုသည် TV(၂၀)လုံး၊ ရေဒီယို(၅)လုံး၊ စလောင်း(၂၀)လုံး ရှိသည့်အတွက် သတင်းများ လက်လှမ်းမီမှုရှိပါသည်။ ဆက်သွယ်ရေးအနေဖြင့် MPT, Telenor, Ooredoo ဖုန်းလိုင်းများမိပြီး တယ်လီဖုန်း(၁၂၄)လုံးဖြင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။ ခေတ်နှင့်အညီ တိုးတက်လာသည်နှင့်အမျှ မိုဘိုင်းဖုန်းများ လက်လှမ်းမီစွာ အသုံးပြုနိုင်သည့်အတွက် ဆက်သွယ်ရေးကောင်းမွန်သော ကျေးရွာဖြစ်ပါသည်။

## ၆။ ပညာရေး

သမြင်ကင်းကျေးရွာအုပ်စု၊ ကျီးသိုက်ကျေးရွာတွင် စာသင်ကျောင်းလုံးဝမရှိပါ။ မူလတန်းအဆင့် ကလေးသူငယ်များအနေဖြင့် (၁/၀)မိုင်ခန့်ကွာဝေးသော ကညှပ်ကျေးရွာမူလွန်ကျောင်းသို့ စလင်းချောင်း ဘေးလမ်းအတိုင်း သွားရောက်၍ပညာသင်ကြားရပါသည်။ အလယ်တန်း၊ အထက်တန်းကျောင်းသား/သူ များအနေဖြင့် (၁/၀)မိုင်ခန့်ကွာဝေးသော အ.ထ.က(သရက်ချဉ်)သို့ သွားရောက်ပညာသင်ကြားရပါသည်။ အလယ်တန်း၊ အထက်တန်းများအနေဖြင့် အခက်အခဲဘေးအန္တရာယ်မရှိနိုင်သော်လည်း မူလတန်းအဆင့် ကျောင်းသား/သူများတွင် မိုးတွင်းချောင်းရေကြီးသည့်အခါတွင် ဘေးအန္တရာယ်ဖြစ်ပေါ်စေနိုင်ပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျန်းမာရေးဝန်ဆောင်မှုအနေဖြင့် သမြင်ကင်းကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်း တည်ရှိပါသည်။ ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါဖြစ်ပွားမှု နည်းပါးသည့်အပြင် အာဟာရပြည့်ဝမှုရှိကြပါသည်။ ကျေးရွာသူ/သားတို့သည် တစ်ကိုယ်ရည်သန့်ရှင်းရေး နှင့်ကျန်းမာရေးအသိအမြင်များရှိကြပါသည်။ (၅)နှစ်အောက်ကလေးငယ်များအား လစဉ်ပုံမှန်ကာကွယ်ဆေး များလည်း ထိုးပေးမှုများ၊ ကိုယ်ဝန်ဆောင်မိခင်များအတွက် မေးခိုင်ကာကွယ်ဆေးနှင့် အခြားလိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိပါသည်။ အရေးပေါ်အခြေအနေများ ဖြစ်ပေါ်လာပါက ကျေးရွာနှင့်(၄/၀)မိုင်ခန့်ကွာဝေးသည့် စလင်းပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသမှု ခံယူကြရပါသည်။ ကျေးရွာတွင် သောက်သုံးရေအတွက် ရေတွင်း(၁)တွင်း၊ အဝီစိစက်တပ်တွင်း(၂၅)တွင်းနှင့် လက်နှိပ်တုံကင် ရေတွင်း(၂၁)တွင်းများသုံးစွဲကြပြီး နှစ်ပတ်လည်ရေလုံလောက်မှုရှိပါသည်။ တစ်ရွာလုံးနီးပါးမှာ ယင်လုံ အိမ်သာဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သော ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ဖြစ်ပါပွားမှုမှာနည်းပါးပါသည်။ ပတ်ဝန်းကျင်သန့်ရှင်းရေးအနေဖြင့် စွန့်ပြစ်အမှိုက်များအား သတ်မှတ်ထားသော အမှိုက်ကျင်းသို့ စနစ်တကျ စွန့်ပစ်ကြပါသည်။

**၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး**

ကျေးရွာဘေးအန္တရာယ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအခြေအနေများနှင့်ပတ်သက်၍ ကျီးသိုက်ကျေးရွာသည် စလင်းချောင်း၏ဘေးတွင် တည်ရှိသည့်အတွက် တစ်ခါတစ်ရံတွင် ရေကြီးရေလျှံခြင်း တွေ့ကြုံရပါသည်။ ကျေးရွာရှိလူနေအိမ်များနှင့် အဆောက်အဦများအား သဘာဝဘေးဒဏ်များ ခံနိုင်ရန်အတွက် ကြိုတင်၍ခိုင်ခံ့အောင် ဆောက်လုပ်ထားရှိပါသည်။ တိရိစ္ဆာန်ကူးစက်ရောဂါကျရောက်ခြင်း တိရိစ္ဆာန်များတွင် အပူလွန်ရောဂါ၊ ခွာနာလျှာနာရောဂါဖြစ်ပွားမှု များပြားလာခြင်းဖြစ်ပါသည်။ ဓာတုဓာတ်မြေသြဇာများ အသုံးပြုမှုများလာသောကြောင့် တဖြေးဖြေး မြေဆီလွှာခမ်းခြောက်မှုနှင့် ကြုံတွေ့ရပါသည်။

**၉။ ကျား/ မ ရေးရာ**

ကျေးရွာတွင် လူငယ်များအဖွဲ့မှ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာလုပ်ဆောင်ကြပါသည်။ အမျိုးသား၊ အမျိုးသမီးအဖွဲ့များမှ ကျေးရွာ၏သာရေးနာရေးလုပ်ငန်းများတွင် လုပ်ဆောင်ကြပါသည်။ အမျိုးသမီးများအပေါ်တွင် အကြမ်းဖက်မှုများလည်း မရှိပါ။ ပညာရေးနှင့်လုပ်ငန်းအချို့တွင် အခွင့်အရေးတူညီစွာရရှိပါသည်။ လုပ်အားခသတ်မှတ်ရာတွင် အမျိုးသားလုပ်အားခမှာ အမျိုးသမီးလုပ်အားခထက် ပိုမိုများလေ့ရှိသည်။ ကျေးရွာတွင်းဖွံ့ဖြိုးရေး ဆောင်ရွက်နေသောအဖွဲ့အစည်းများတွင် ယခင်က အမျိုးသားများသာအဓိကပါဝင်ကြပြီး ယခုအခါဖွံ့ဖြိုးရေးအဖွဲ့အစည်းများတွင် အမျိုးသမီးများအား ထည့်သွင်းဖွဲ့စည်းခဲ့ပါသည်။ မိသားစုဆုံးဖြတ်ပိုင်ခွင့်များတွင်မူ အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ အားနည်းနေဆဲဖြစ်ပါသည်။

**၁၀။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ**

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့်လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် ရွာသူရွာသားများမှ အများသဘောတူရွေးချယ်ဖွဲ့စည်းလိုက်သော ကျေးရွာဖွံ့ဖြိုးရေးကော်မတီ(၉)ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးရွေးချယ်ကြပြီး ကျန်ရွာသူ/ရွာသားများက ဦးစားပေးလုပ်ငန်းများ ရွေးချယ်ခြင်းကို အတည်ပြုပေးကြပါသည်။ အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။

ကျေးရွာ၏ဦးစားပေးစီမံကိန်းများကို ကျေးရွာတွင်ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက်များကို အခြေခံ၍ ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေးစီမံကိန်းများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | | | | | | | |
|---|---|---|---|---|---|---|---|
| သမြင်ကင်းကျေးရွာအုပ်စု၊ ကျီးသိုက်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | | | | | | | |
| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် | မှတ်ချက် |
| ၁ | ဦးဝင်းမောင် | ဦးပိန် | ၈/စလန(နိုင်)၀၃၁၅၁၁ | ၆၆ | ဥက္ကဌ | ၀၉-၄၀၁၆၈၀၅၇၆ | ငွေထုတ် |
| ၂ | ဦးကျော်ဇင်လတ် | ဦးအောင်စိုး | ၈/စလန(နိုင်)၀၉၀၈၇၀ | ၄၀ | အတွင်းရေးမှူး | ၀၉-၂၅၆၂၂၄၀၆၉ | ငွေထုတ် |
| ၃ | ဦးကျော်ဇေလတ် | ဦးကြည်တင် | ၈/စလန(နိုင်)၀၈၆၄၉၅ | ၄၀ | ဘဏ္ဍာရေးမှူး | ၀၉-၂၅၁၀၈၁၁၀၄ | |
| ၄ | ဒေါ်စောသန္တာ | ဦးမြင့်ဌေး | ၈/စလန(နိုင်)၀၈၆၉၈၄ | ၃၉ | စာရင်းကိုင် | ၀၉-၂၅၉၄၁၂၈၆၁ | |
| ၅ | ဦးစန်းကျော်မင်း | ဦးလှအိုး | ၈/စလန(နိုင်)၀၈၆၆၁၄ | ၃၈ | အဖွဲ့ဝင် | ၀၉-၉၅၅၂၁၉၈၇ | ငွေထုတ် |
| ၆ | ဦးမျိုးမြင့် | ဦးဘငြိမ်း | ၈/စလန(နိုင်)၀၃၁၄၇၂ | ၆၀ | အဖွဲ့ဝင် | ၀၉-၄၂၄၃၀၄၉၀၁ | |
| ၇ | ဦးလှမင်းဗိုလ် | ဦးထွန်းရှိန် | ၈/စလန(နိုင်)၁၆၁၆၃၈ | ၂၃ | အဖွဲ့ဝင် | ၀၉-၈၉၈၄၆၂၇၉၀ | |
| ၈ | ဒေါ်သိင်္ဂီဖြိုး | ဦးတင်ဝမ်း | ၈/စလန(နိုင်)၁၆၁၃၅၃ | ၂၈ | အဖွဲ့ဝင် | ၀၉-၆၆၆၅၇၇၈၀၁ | |
| ၉ | ဒေါ်မြင့်မြင့်ခင် | ဦးထွန်းလင်း | ၈/စလန(နိုင်)၁၇၀၇၄၃ | ၅၅ | အဖွဲ့ဝင် | ၀၉-၄၄၈၅၀၇၄၆၉ | |

| ကျီးသိုက်ကျေးရွာ ဦးစားပေးစီမံကိန်းများ အကောင်အထည်ဖော်မည့်ဇယား | | | | | | | |
|---|---|---|---|---|---|---|---|
| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ | ၂၀၂၂-၂၀၂၃ | ၂၀၂၃-၂၀၂၄ |
| ၁ | ကျေးရွာအဝင်နှင့်ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခြင်းလုပ်ငန်း။ | ၁ | ✔ | | | | |
| ၂ | မူလတန်းကျောင်းဆောင် တည်ဆောက်ခြင်းလုပ်ငန်း။ | ၂ | | ✔ | | | |
| ၃ | ကျန်းမာရေးဆေးပေးခန်း တည်ဆောက်ခြင်းလုပ်ငန်း။ | ၃ | | | ✔ | | |
| ၄ | ချောင်းရေကာတာ တည်ဆောက်ခြင်းလုပ်ငန်း။ | ၄ | | | | ✔ | |
| ၅ | စာကြည့်တိုက် တည်ဆောက်ခြင်းလုပ်ငန်း။ | ၅ | | | | | ✔ |

| ကျီးသိုက်ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက်ပြဇယား | | | | | | |
|---|---|---|---|---|---|---|
| စဉ် | ပြဿနာအခက်အခဲ | ဖြစ်ရသည့်အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတား | ဖြေရှင်းရန်နည်းများ | စီမံချက် |
| ၁ | ကျေးရွာတွင်းလမ်းများ သွားလာရခက်ခဲနေခြင်း | မြေသားလမ်းဖြစ်သည့်အတွက် မိုးရာသီရေတိုက်စားမှုရှိခြင်း။ စုပေါင်းလုပ်ဆောင်မှုအားနည်းခြင်း။ | ဖွံ့ဖြိုးရေးအဖွဲ့များရှိခြင်း။ လုပ်အားများထည့်ဝင်နိုင်ခြင်း။ ကုန်ကြမ်းများအလွယ်တကူ ရရှိနိုင်ခြင်း။ | ရန်ပုံငွေအားနည်းခြင်း။ နည်းပညာအားနည်းခြင်း။ | ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့များမှ ရန်ပုံငွေရရှိအောင် ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ | ကျေးရွာတွင်းလမ်း မြေနီ ကျောက်စရစ်ခင်းခြင်းလုပ် ငန်းဆောင်ရွက်ရန်။ |
| ၂ | ကျေးရွာတွင်စာသင်ကျောင်း ဆောင်မရှိခြင်းကြောင့် အခြေခံ ပညာသင်မူလတန်းကျောင်းသား ကျောင်းသူများအနေဖြင့် ပညာ သင်ကြားမှုအခက်အခဲရှိခြင်း။ | မူလတန်းကျောင်းသား/သူများ အနေနှင့်ငယ်ရွယ်သည့်အသက် အရွယ်ဖြစ်၍ ချောင်းကမ်းပါး နဘေးအတိုင်းသွားရဖြင့်ဘေး အန္တရာယ်များခြင်း။ | ဖွံ့ဖြိုးရေးအဖွဲ့များရှိခြင်း။ လုပ်အားများထည့်ဝင်နိုင်ခြင်း။ | ရန်ပုံငွေအားနည်းခြင်း။ နည်းပညာအားနည်းခြင်း။ | သက်ဆိုင်ရာဌာနများ နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ ကျေးရွာလူထုမှပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း။ | ကျေးရွာတွင် မူလတန်း ကျောင်းဆောင်ပေါ်ပေါက် လာစေရန်။ |
| ၃ | ကျေးရွာတွင်အခြေခံကျန်းမာရေး ဝန်ဆောင်မှုအားနည်းခြင်း | ကျေးရွာတွင် ကျေးလက်ဆေး ပေးခန်းမရှိခြင်း။ကိုယ်ဝန်ဆောင် နှင့် ကလေးငယ်များချောင်းကူး ၍သွားရောက်ဆေးကုနေရခြင်း။ အရေးတကြီးလိုအပ်ချိန်တွင် ကျန်းမာရေးဝန်ဆောင်မှုမရရှိ ခြင်း။ | ဖွံ့ဖြိုးရေးအဖွဲ့များရှိခြင်း။ ဆေးပေးခန်းဆောက်ရန် မြေ လှူဒါန်းသူရှိခြင်း။ | ကျန်းမာရေးဗဟုသုတ နည်းပါးခြင်း။ ကျေးရွာလူထုမှာငွေကြေး မတတ်နိုင်ခြင်း။ | ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ ဆေးပေးခန်း ရရှိရေးဆောင်ရွက်ခြင်း။ သက်ဆိုင်ရာအဖွဲ့အစည်းများ နှင့်ချိတ်ဆက်ဆောင်ရွက်ခြင် း။ကျေးရွာလူထုမှပူးပေါင်းပါ ဝင်ဆောင်ရွက်နိုင်ခြင်း။ | ကျန်းမာရေးဆေးပေးခန်း ဆောက်လုပ်ရန်။ |
| ၄ | စိုက်ပျိုးခင်းများပျက်စီးခြင်း။ အိမ်နိမ့်ပိုင်းများရေဝင်ခြင်း။ | စလင်းချောင်းနံဘေးတွင်ရှိသည့် အတွက် ချောင်းရေကမ်းပြိုမှုခံရ ခြင်း။ | ဖွံ့ဖြိုးရေးအဖွဲ့များရှိခြင်း။ လုပ်အားများထည့်ဝင်နိုင်ခြင်း။ ကုန်ကြမ်းများအလွယ်တကူ ရရှိနိုင်ခြင်း။ | ရန်ပုံငွေအားနည်းခြင်း။ နည်းပညာအားနည်းခြင်း။ | သက်ဆိုင်ရာဌာနများ နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ ကျေးရွာလူထုမှပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း။ | ချောင်းရေကာတာတည် ဆောက်နိုင်ရန်။ |
| ၅ | နောင်လာနောင်သား လူငယ် လူရွယ်များ အသိအမြင်ဖွံ့ဖြိုးမှု နည်းပါးလာနိုင်ခြင်း။ ယဉ်ကျေး သိမ်မွေ့မှုနည်းပါးလာနိုင်ခြင်း။ | စာကြည့်တိုက် စာအုပ်စာပေနှင့် အလှမ်းဝေးခြင်း။ | ကျေးရွာလူထုမှ ဝိုင်းဝန်း ဆောင်ရွက်နိုင်ခြင်း။ | ရန်ပုံငွေအားနည်းခြင်း။ နည်းပညာအားနည်းခြင်း။ | သက်ဆိုင်ရာဌာနများ နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ ကျေးရွာလူထုမှပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း။ | ကျေးရွာစာကြည့်တိုက် တည် ဆောက်နိုင်ရန်။ |

ပုံစံ(၁)

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)**

| | |
|---|---|
| ကျေးရွာ - ကျီးသိုက်ကျေးရွာ<br>ကျေးရွာအုပ်စု - သမြင်ကင်း<br>မြို့နယ် - စလင်း<br>တိုင်းဒေသကြီး / ပြည်နယ် - မကွေး | |
| စီမံချက်အမည် - ကျေးရွာအဝင်နှင့်ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း။ | |
| **စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**<br>ကျီးသိုက်ကျေးရွာ လက်ရှိလမ်းခွဲလမ်းချိုးများအနေနှင့်မိုးများသည့်အချိန်တွင်သွားလာမှုခက်ခဲပါသည်။ ရာသီမရွေးအဝင်အထွက်သွားလာမှုတွင် လွယ်ကူစေရန်အတွက် ရွာပတ်လမ်း၊ ရွာတွင်းလမ်းမကြီးများ နှင့် အိမ်ဝင်လမ်းချိုးများကိုပြုပြင်ပါက အချိန်အခါမရွေးသွားလာရေးတွင်ချောမွေ့အဆင်ပြေစေပါမည်။ | |
| **စီမံချက်ရည်ရွယ်ချက်**<br>ရွာတွင်းရွာပြင်လမ်းများ ပိုမိုကောင်းမွန်စေရန်အတွက် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် တစ်နှစ်ပတ်လုံး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာမည်ဖြစ်ပါသည်။ | |
| **မျှော်မှန်း အကျိုးရလဒ်**<br>လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပါက ကျေးရွာသူ/သားများအားလုံး အဆင်ပြေချောမွေ့စွာ ခရီးသွားလာနိုင်မည်ဖြစ်ပါသည်။ ကျေးရွာသူ/သားများ၊ ကုန်ရောင်း/ကုန်ဝယ်သမားများအတွက်လည်း များစွာအကျိုးကျေးဇူးရရှိပါမည်။ ကျေးရွာရှိကုန်ထုတ်ပစ္စည်းများလည်း အဆင်ပြေစွာ ရောင်းချနိုင်မည် ဖြစ်ပါသည်။ | |
| **စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း**<br>ကျေးရွာအဝင်နှင့်ကျေးရွာတွင်းလမ်းများ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း<br>လမ်းအရှည် ၅၁၀၀' ၊ ထု ၆'' ခင်းခြင်းလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။ | |
| **စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု** | |
| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့်အစီအစဉ် |
| • ၁၀၀၀၀၀၀၀(ငွေသား)<br>• ၁၈၀၀၀၀ (ငွေသား) | • ကျေးလက်ဦးစီး<br>• ပြည်သူ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၁၀၃ | ၁၂၂ | ၂၂၄ | ၁၁ | ၁၅ | ၁၀ | ၂၄ | ၆၀ |
| **အကျိုးခံစားမည့် ဦးရေ** | ၁၉၈ | ၁၇၀ | ၃၆၈ | | | | | |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| (၁) **တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)–** ကျေးရွာဖွံ့ဖြိုးရေးကော်မတီ နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်မည်ဖြစ်ပါသည်။ |
| (၂) **စီမံချက် စတင်မည့်အချိန် (ခန့်မှန်း)** – ငွေထုတ်ပြီး(၃)ရက်မှ (၁)ပတ်အတွင်း |
| (၃) **စီမံချက် ပြီးစီးမည့်အချိန်** – |
| (၄) **ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်–** ကျေးရွာသူ/သားများ၏ လုပ်အား၊ ငွေအား ထည့်ဝင်နိုင်အောင် တစ်တပ်တစ်အားပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ပါသည်။ |
| (၅) **လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ–** လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျေးရွာကော်မတီဝင်များမှ ဦးဆောင်ကာ ရပ်မိရပ်ဖများအားလုံး စုပေါင်းဝိုင်းဝန်း၍ ဆောင်ရွက်မည်ဖြစ်ပြီး ပြီးမြောက်အောင်မြင်သည့်အချိန်တွင်လည်း ကျေးရွာသူ/သားများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ဆက်လက်ကောင်းမွန်စေရန် ထိန်းသိမ်းပြီး ငွေကြေးဆိုင်ရာများတွင်လည်း ကော်မတီဝင်ဦးဆောင်အဖွဲ့များအနေနှင့် စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ |

လက်မှတ်

ဥက္ကဌ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လက်မှတ်

ဥက္ကဌ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နောက်ဆက်တွဲ

ပုံစံ(၂)

## အဆိုပြုစီမံချက် အကြောင်းအရာများ ဆန်းစစ်ချက်

**စီမံချက်အမည်** – ကျေးရွာအဝင်နှင့်ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း

**ကျေးရွာ** – ကျီးသိုက် **မြို့နယ်** – စလင်း **ပြည်နယ်/တိုင်း** – မကွေး

**(က) အကျိုးသက်ရောက်မှု ဆိုင်ရာ**

| | ဟုတ် | မဟုတ် | မသိ |
|---|---|---|---|
| လူအများကို အကျိုးပြုသလား | √ | | |
| ဆင်းရဲသားများ အကျိုးခံစားရသလား | √ | | |
| စီမံကိန်းရည်မှန်းချက် ရောက်ရှိနိုင်သလား | √ | | |

**သုံးသပ်တွေ့ရှိချက်များ**

ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် ကျေးရွာသူ/သားများနှင့်ကျောင်းသား/သူများ ရာသီမရွေးသွားလာရေး အဆင်ပြေမည်ဖြစ်ပါသည်။ ကျေးရွာမှ ကိုယ်တိုင်ဆောင်ရွက်ရသည့်အတွက် လုပ်ငန်းအတွေ့အကြုံများရရှိပါသည်။

**(ခ) ဘဏ္ဍာရေးဆိုင်ရာ စံနှုန်း**

| | ဟုတ် | မဟုတ် | မသိ |
|---|---|---|---|
| အဆိုပြုရန်ပုံငွေပမာဏသည် လုပ်ငန်းအတွက် သင့်တော်သည့် ပမာဏ ဖြစ်သလား | √ | | |
| ဘတ်ဂျက်တွင်ဖော်ပြထားသော အသုံးစရိတ်အမျိုးအစားများ သည် လုပ်ငန်းနှင့် ဆီလျော်ရဲ့လား | √ | | |
| တစ်ယူနစ် တန်ဖိုးဖော်ပြထားသလား | √ | | |
| ကျား/မ လုပ်အားခ တန်းတူ သတ်မှတ်ထားသလား | √ | | |
| အသုံးစရိတ်အကြောင်းအရာ တစ်ခုချင်း၏ တစ်ယူနစ်တန်ဖိုးသည် လက်ရှိပေါက်ဈေးနှင့် ကိုက်ညီသလား | √ | | |

**သုံးသပ်တွေ့ရှိချက်များ**

အဆိုပြုရန်ပုံငွေပမာဏမှာ ဒေသအသုံးစရိတ်၊ ဒေသလုပ်အားခများနှင့် ကိုက်ညီမှုရှိပြီး ဒေသန္တရအခြေအနေပေါ်မူတည်၍ လုပ်ငန်းအတွက်သင့်တော်သည်ဟု သုံးသပ်တွေ့ရှိရပါသည်။

**(ဂ) နည်းပညာ ဆိုင်ရာ**

| | ရှိ | မရှိ | မသိ |
|---|---|---|---|
| နည်းပညာဆိုင်ရာအရ ဖြစ်နိုင်ခြေရှိရဲ့လား | √ | | |
| ဤလုပ်ငန်းဆောင်ရွက်ရန် ကျေးရွာလူထုတွင် အတွေ့အကြုံရှိရဲ့လား | √ | | |
| လုပ်ငန်းလုပ်ဆောင်ရန်အတွက် လူ့အရင်းအမြစ်နှင့်ပစ္စည်းရရန် လွယ်ကူမှုရှိရဲ့လား | √ | | |
| ပြုပြင်ထိန်းသိမ်းရေးနှင့် လုပ်ငန်းလည်ပတ်ရေး အစီအစဉ်ရှိရဲ့လား | √ | | |

**သုံးသပ်တွေ့ရှိချက်များ**

ကျေးရွာအဝင်နှင့် ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် အတွေ့အကြုံများရှိသဖြင့် နည်းပညာအခက်အခဲများ မရှိပါ။ ကျေးရွာမှနှစ်စဉ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းအား ဥစ္စာစနေအဆင့်အလိုက် ကောက်ခံဆောင်ရွက်သွားမည်။

**(ဃ) လူမှုရေးဆိုင်ရာ**

| | ဟုတ် | မဟုတ် | မသိ |
|---|---|---|---|
| စီမံကိန်းသည် အမျိုးသမီးများကို အကျိုးပြုမည်လား | √ | | |
| စီမံကိန်းသည် ထိခိုက်သက်ရောက်လွယ်သော အုပ်စုကို အကျိုးပြုမည်လား | √ | | |
| စီမံကိန်းကြောင့် အစုအဖွဲ့တစ်ခုခုကို ထိခိုက်မည်လား | | √ | |

**သုံးသပ်တွေ့ရှိချက်များ**

ကျေးရွာအဝင်နှင့် ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းဖြင့် ကျေးရွာ၏ အမျိုးသမီးများနှင့် ထိခိုက်သက်ရောက်လွယ်သောအုပ်စုများ အကျိုးပြုမှုများရှိပါသည်။

(င) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ

| | ဟုတ် | မဟုတ် | မသိ |
|---|---|---|---|
| စီမံကိန်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ရှိမည်လား | | √ | |
| ထိခိုက်နိုင်မှုများအတွက် ကြိုတင်ကာကွယ်ရေး အစီအမံများ ရှိရဲ့လား | | √ | |

**သုံးသပ်တွေ့ရှိချက်များ**

စီမံကိန်းကြောင့် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်နိုင်ပါ။ ကြိုတင်ကာကွယ်ရန်လည်း မလိုအပ်ပါ။

**ဆုံးဖြတ်ချက်**

| ဆုံးဖြတ်ချက် | ရှင်းလင်းဖော်ပြချက် |
|---|---|
| • အတည်ပြု | |
| • ပြင်ဆင်ရန် | |
| • ပယ်ချ | |

**စဉ်** **အမည်** **တာဝန်** **လက်မှတ်**

(၁)

(၂)

(၃)

နောက်ဆက်တွဲ

ပုံစံ(၃)

## ဖွံ့ဖြိုးရေးရန်ပုံငွေ လွှဲပြောင်းပေးခြင်းဆိုင်ရာ သဘောတူညီချက်

| | |
|---|---|
| ဖွံ့ဖြိုးရေးလုပ်ငန်းအမည် | ကျေးရွာအဝင်နှင့်ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း |
| ကျေးရွာ | ကျီးသိုက် |
| ကျေးရွာအုပ်စု | သမြင်ကင်း |
| မြို့နယ် | စလင်း |
| ပြည်နယ်/တိုင်းဒေသကြီး | မကွေး |
| ရက်စွဲ | ၂၈. ၃. ၂၀၂၀ |

လွှဲပြောင်းပေးမည့် ငွေပမာဏ (ဂဏန်းဖြင့်)၁၀၀၀၀၀၀၀/ (စာဖြင့်) ကျပ်သိန်းတစ်ရာတိတိ

ကျီးသိုက် ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် မြို့နယ်သက်ဆိုင်ရာဦးစီးဌာနတို့သည် အောက်ဖော်ပြပါအတိုင်း သဘောတူညီကြပါသည်-

၁။ သက်ဆိုင်ရာဦးစီးဌာနသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ဘဏ်စာရင်းသို့ ဤသဘောတူ လက်မှတ်ရေးထိုးပြီး (၂) ပတ်အတွင်း အထက်တွင် ဖော်ပြထားသော ငွေပမာဏကို လွှဲပေးပါမည်။

၂။ ဖွံ့ဖြိုးရေးရန်ပုံငွေကို အတည်ပြုထားသည့် အဆိုပြုလုပ်ငန်းမှတပါး အခြားလုပ်ငန်းများတွင် မသုံးရ။

၃။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အားထုတ်၍ ရိုးသားပွင့်လင်းစွာ ဆောင်ရွက်ရပါမည်။

၄။ သက်ဆိုင်ရာဦးစီးဌာနက ပြဋ္ဌာန်းသည့် လမ်းညွှန်ချက်၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာရပါမည်။

| | |
|---|---|
| မြို့နယ်ဦးစီးမှူး | ဥက္ကဋ္ဌ |
| ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ |

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁ | - | ၁ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၀ | ၃ | ၁၃ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂ | ၁၃ | ၁၅ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၉ | ၃ | ၁၂ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၇၈ | ၉၃ | ၁၇၁ |
| ၆၅ နှစ် နှင့်အထက် | သက်ကြီးရွယ်အိုကြီး | ၃ | ၉ | ၁၂ |
| စုစုပေါင်း | | ၁၀၃ | ၁၂၁ | ၂၂၄ |
| စုစုပေါင်း အိမ်ထောင်စု | | ၆၀ | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - စစ်တမ်းကောက်ယူမှု လေ့လာတွေ့ရှိချက်အရ အိမ်ထောင်စု (၆၀)အိမ်၊ လူဦးရေစုစုပေါင်း (၂၂၄)ဦးရှိပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေပေါင်း (၃)ဦးရှိ ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၃ | ၂၄ | ၀ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၃ | ၃၁ | ၀ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐ လတ်☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐ လတ်☐ နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐ လတ်☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၀ | ၀ | မြင့်☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐ လတ်☐ နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐ လတ်☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐ လတ်☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီးမှန်ရာတစ်ခုကို သာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၀ | ၂၀ | ၀ | မြင့်☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐ လတ်☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐ လတ်☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐ လတ်☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐ လတ်☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | မြင့်☐လတ် ☐နိမ့် ☐ |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ် ☐နိမ့် ☐ |
| | စုစုပေါင်း | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ အခြားဝင်ငွေရလုပ်ငန်း လုပ်ကိုင်သူများအနေနှင့် လုပ်ငန်းပေါ်ပေါက်သည့် အချိန်တွင်သာ လုပ်ကိုင်နိုင်ကြ၍ အခြားဝင်ငွေရလုပ်ငန်း လုပ်ကိုင်သူအလွန်နည်းပါးပါသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၂၅၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၆၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၂၅၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ =(တစ်နာရီဝင်ငွေ ×၈)

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာ လက်လုပ်လက်စား အလုပ်သမားများ၏ တနေ့လုပ်အားခ အများဆုံးသည် အမျိုးသား(၆၀၀၀/-)၊ အမျိုးသမီး(၃၀၀၀/-)နှင့် တနေ့လုပ်အားခ အနည်းဆုံးသည် အမျိုးသား(၅၀၀၀/-)၊ အမျိုးသမီး (၂၅၀၀/-)ဖြစ်ကြောင်း တွေ့ရှိရပါသည်။ လုပ်အားခအနေဖြင့် ကျား၊ မ တန်းတူ မျှတမှုမရှိကြောင်းတွေ့ရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| လယ်မြေ | ၅၉ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၃ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ကိုင်း / ကျွန်းမြေ | ၂၇ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | ၈၉ | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုး ရေး သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျီးသိုက်ကျေးရွာရှိ လယ်မြေဧက(၅၉) ဧကရှိပြီး လယ်(၁)ဧက ပျမ်းမျှထွက်နှုန်း(၅၀)တင်းမှ (၇၅)တင်းထိ ထွက်ရှိပြီး၊ ကိုင်းကျွန်းမြေမှာ (၂၇) ဧကရှိပြီး မြေပဲ(၁)ဧက လျှင် ပျမ်းမျှ(၃၅)တင်းမှ (၅၅)တင်းထိ ကုလားပဲ(၁)ဧကလျှင် ပျမ်းမျှ(၅)တင်းမ (၁၀)ထိ ထွက်ရှိသည်ကို တွေ့ရှိရပါသည်။

**(ဂ-၂) ခေတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ခေတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်)** | **အသုံးချနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်)** |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ခေတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ☐သင့် ☐နည်း ☐မရှိ ☑ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☐သင့် ☑နည်း☐ မရှိ☐ | လွယ်☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐သင့် ☐နည်း ☑မရှိ☐ | လွယ်☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☐နည်း✔ မရှိ ☑ | ☒ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအနီးအနားပတ်လည်အတွင်း သဘာဝထွက်သယံဇာတများ ထွက်ရှိမှုမရှိပါ။ ကျောက်၊ သဲ၊ ကျောက်စရစ်စသည့်များမှာ အနည်းငယ် ရရှိနိုင်ပါသည်။

**(ဃ) ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေ သော အိမ်ထောင်စု | အလယ် အလတ်ရှိ သော အိမ်ထောင်စု | မပြေလည် သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၄ဧကနှင့်အထက် | ၂ဧကနှင့်အထက် | ၁ဧကနှင့်အထက် | မြေယာမဲ့ |
| အိမ်အခြေအနေ | (၂)ထပ်အိမ်၊ သွပ်မိုး၊ ထရံ ကာ | (၄) ပင်အိမ်၊ သွပ်မိုး၊ ထရံကာ | (၃) ပင်အိမ်၊ သွပ်မိုး | (၃) ပင်အိမ်၊ သက္ကယ်မိုး |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူ | တောင်သူ | တောင်သူ | ကျပမ်း |
| အိမ်ထောင်စု | ၁၁ | ၁၅ | ၁၀ | ၂၄ |

**ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် အဆင်မပြေသော အိမ်ထောင်စုများသဖြင့် ဝင်ငွေရ လုပ်ငန်းများထူထောင်ပေးပါက အဆင်ပြေသော အိမ်ထောင်စုများလာနိုင်ပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာ ဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၁၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ✔<br>လုပ်အားခကြိုယူ = ✔ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၁၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ✔<br>လုပ်အားခကြိုယူ = ✔ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၁၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ✔<br>လုပ်အားခကြိုယူ = ✔ |

**ရင်းမြစ်..ဥစ္စာနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

လေ့လာတွေ့ရှိချက်။ အဓိကချေးယူရခြင်းမှာ စားဝတ်နေရေးနှင့် ဝင်ငွေရအလုပ်အကိုင်များ ရရှိရန် ချေးယူရသည့်အတွက် ဝင်ငွေရလုပ်ငန်းများ ထူထောင်ပေးစေလိုပါသည်။

### (၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄နှစ်နှင့်အထက် | ၁ | ၃ | ၄ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ကျီးသိုက်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို(၄) ယောက် တွေ့ရှိရပါသည်။

**(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| **စဉ်** | **ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)** | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၇ | လျှော | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း စသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသား

များထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကကျေးရွာ၏ မည်သို့သောအိမ်ထောင်စုများနှင့်

အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။ (ဥပမာ။ ။ အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စုအောက် - နိမ့်အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်၊ အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ကျီးသိုက်ကျေးရွာအနေဖြင့် စားနပ်ရိက္ခာဖူလုံမှု အနည်းငယ်ခက်ခဲမှုရှိပြီး စလင်းချောင်းဘေးတွင်တည်ရှိ၍ မိုးအားကောင်းသည့်နှစ်တွင် ရေကြီးရေလျှံဖြစ်တတ်ပါသည်။ ရာသီဥတုဆိုးဝါးမှုအပေါ်မူတည်၍ နွား၊ ဝက်၊ အိမ်မွေးတိရိစ္ဆာန်များ အနာရောဂါကျရောက်မှုရှိပါ သည်။

**(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု<br>(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP) | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့်☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့်☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ | မြင့်☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့်☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့်☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၅ | ဆေးစွဲသူများ | မြင့်☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့်☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့်☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့်☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့်☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့်☐ လတ် ☐ နိမ့် ☐ မရှိ ☑ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှု

ရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ စသည်တို့သည် ထိခိုက်သက်ရောက်မှုအနေနှင့် မရှိသလောက် နည်းပါးပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အုပ်ချုပ်ရေး အဖွဲ့ | ၁☐ ၂☑ ၃☐ | ၁၀ | | ၁၀ | ပညာရေး ☑<br>ငွေကြေး ☑<br>ကျန်းမာရေး ☐<br>ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☑ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၂ | ကျေးရွာ ဂေါပကအဖွဲ့ | ၁☐ ၂☐ ၃☑ | ၁၅ | - | ၁၅ | ပညာရေး ☐<br>ငွေကြေး ☐<br>ကျန်းမာရေး ☐<br>ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☑ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၃ | အရံမီးသတ် အဖွဲ့ | ၁☐ ၂☑ ၃☐ | ၇ | - | ၇ | ပညာရေး ☐<br>ငွေကြေး ☐<br>ကျန်းမာရေး ☑<br>ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☑ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၄ | ဝတ်အသင်း | ၁☐ ၂☑ ၃☐ | ၂ | ၁၅ | ၁၇ | ပညာရေး ☐<br>ငွေကြေး ☐<br>ကျန်းမာရေး ☐<br>ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေးနာရေးလူမှုဖွံ့ဖြိုးရေး<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☑ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၅ | လူငယ်အဖွဲ့ | ၁☐ ၂☑ ၃☐ | ၁၀ | ၁၀ | ၂၀ | ပညာရေး ☑<br>ငွေကြေး ☑<br>ကျန်းမာရေး ☐<br>ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေးနာရေးလူမှုဖွံ့ဖြိုးရေး<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☑ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၆ | မိခင်နှင့် ကလေးစောင့် ရှောက်ရေး အဖွဲ့ | ၁☐ ၂☑ ၃☐ | ၇ | | ၇ | ပညာရေး ☐<br>ငွေကြေး ☐<br>ကျန်းမာရေး ☑<br>ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေးနာရေးလူမှုဖွံ့ဖြိုးရေး<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☑ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ကျီးသိုက်ကျေးရွာတွင် ဖွဲ့စည်းထားရှိသော အသင်းအဖွဲ့များအနေဖြင့် လုပ်ငန်းတာဝန်များကို စည်းလုံးညီညွတ်စွာ လက်တွဲဆောင်ရွက်ကြပါသည်။

**(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

**ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | စလင်းမြို့သာသနဟိတဆွမ်းလောင်း အသင်းဦးဆောင်အဖွဲ့ | ၁☑ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/ နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑ |
| ၂ | စလင်းမြို့ပါဠိအာဂုံဆောင်ရေးဖြေစာပြန်ပွဲဦးဆောင်အဖွဲ့ | ၁☑ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/ နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑ |
| ၃ | ပက်မြန်မာ | ၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/ နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑ |
| ၄ | ရေတံခွန်တောင်သူပညာပေးအဖွဲ့ | ၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/ နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။**

**(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)**

**(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)**

(၃)	အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄)	နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅)	နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆)	ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇)	ပုဂ္ဂလိကအဖွဲ့အစည်းများ

**နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင်ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။**

လေ့လာတွေ့ရှိချက်။ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများဖြစ်သော ပက်မြန်မာအဖွဲ့အစည်း၊ ရေတံခွန်တောင်သူပညာပေးအဖွဲ့များအနေဖြင့် ငွေကြေးနှင့်ဆိုင်သော၊ စိုက်ပျိုးမွေးမြူရေးနှင့်ဆိုင်သော ကိစ္စရပ်များအားလုပ်ကိုင်ဆောင်ရွက်ကြပါသည်။

**(ခ)	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(ခ-၁)	သီးနှံထုတ်လုပ်ရေး**

**(၁)	စိုက်ပျိုးမြေပိုင်ဆိုင်မှု**

**ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စုအရေအတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၂၄ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ကေအောက် | ၁၀ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ကေမှ ၅ ကေကြား | ၂၃ | တောင်သူငယ် |
| ၄ | ၅ ကေမှ ၁၂.၅ ကေကြား | ၃ | တောင်သူလတ် |
| ၅ | ၁၂.၅ ကေ အထက် | | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၆၀ | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။

(၂)  အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

**ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ**

| စဉ် | အရင်းအမြစ် | ရေ သောက် (ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
| ၁ | ဆည် | ၅၉ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☑<br>မဖြေဆိုပါ ☐ | ရှိ ☐<br>မရှိ ☑<br>မဖြေဆိုပါ ☐ |
| ၂ | ရေလွှဲဆည် | | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☐ | ရှိ ☐<br>မရှိ ☐<br>မဖြေဆိုပါ ☐ |
| ၃ | မြစ်ရေတင် စီမံကိန်း | | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☐ | ရှိ ☐<br>မရှိ ☐<br>မဖြေဆိုပါ ☐ |
| ၄ | ရေသွင်းမြောင်း | | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☐ | ရှိ ☐<br>မရှိ ☐<br>မဖြေဆိုပါ ☐ |
| ၅ | အဝီစိတွင်း | | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☐ | ရှိ ☐<br>မရှိ ☐<br>မဖြေဆိုပါ ☐ |
